## ရည်ရွယ်ချက်

လက်ရှိဖြစ်ပွားနေသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကမ္ဘာ့ကပ်ရောဂါ (Covid-19) ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက်လည်းကောင်း၊ Covid -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ပြည်သူများလိုက်နာဆောင်ရွက်နိုင်ရေးတို့အတွက်လည်းကောင်း၊ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက်နှင့် အခွန်ပေးဆောင်ရမည့်ရက်များကို တိုးမြှင့်လျှောက်ထားခြင်း လုပ်ဆောင်ရာတွင် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်ပါသည်။

## သက်ဆိုင်သည့်ကိစ္စ

- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ကြေညာလွှာ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိသောကြောင့် အချိန်တိုးမြှင့် လျှောက်ထားခြင်း၊
- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်ခြင်းမရှိသောကြောင့် အချိန်တိုးမြှင့်လျှောက်ထားခြင်း။

## လိပ်မူလျှောက်ထားရမည့်ပုဂ္ဂိုလ်များ

အောက်ပါပုဂ္ဂိုလ်များထံ လိပ်မူလျှောက်ထားရမည် ဖြစ်ပါသည် -

- အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများအတွက် တာဝန်ခံအရာရှိဖြစ်သည့် အခွန်ထမ်းဝန်ဆောင်မှုဌာနစုရှိ ဒုတိယညွှန်ကြားရေးမှူးများ၊
- အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးသည့်ရုံးများအတွက် တာဝန်ခံအရာရှိဖြစ်သည့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊
- သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးများ။

## လျှောက်ထားနိုင်သည့်ရုံးများ

အောက်ပါအခွန်ရုံးများသို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည် -

- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊
- အလယ်အလတ်အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)၊
- မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ။

## လျှောက်ထားရမည့် ပုံစံများ

အောက်ပါပုံစံများဖြင့် မိမိတို့အခွန်ပေးသွင်းနေသည့် အခွန်ရုံးများသို့ လျှောက်ထားရမည် -

- အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ကြေညာလွှာတင်သွင်းရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်လွှာ၊
- အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ(က) အရ သတ်မှတ်ထားသည့်နေ့ရက်ထက် ကျော်လွန်၍ အခွန်ပေးဆောင်ရမည့်ရက်ကို တိုးမြှင့်ပေးရန် လျှောက်လွှာ။

လျှောက်လွှာပုံစံများအား www.ird.gov.mm ၏ Home Page>Media>Form for SAS Tax Offices တွင် Download ရယူ၍သော်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများတွင်လည်းကောင်း ဆက်သွယ်ရယူနိုင်ပါသည်။

## လျှောက်ထားရမည့်အချိန်ကာလ

ကြေညာလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အချိန်တိုးမြှင့်ပေးရန် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည် -

- ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားခြင်း၊
- အချိန်တိုးမြှင့်ပေးရန် လျှောက်ထားရာတွင် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည့်အပြင် ယင်းထက်ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရင်းများ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားခြင်း။

အခွန်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အချိန်တိုးမြှင့်ပေးရန် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည် -

- အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားခြင်း၊
- ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ သို့မဟုတ် အရစ်ကျဖြစ်စေ ပေးသွင်းရန် လျှောက်ထားခြင်း။

## လျှောက်ထားချက်များအပေါ် အကြောင်းပြန်ကြားခြင်း

အခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လျှောက်ထားလိုသည့် အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက်ကို တိုးမြှင့်ပေးရန် သို့မဟုတ် အခွန်ပေးသွင်းရမည့်ရက်ကို တိုးမြှင့်ပေးရန် လျှောက်လွှာကို တင်သွင်းပြီးဖြစ်ပါက -

- အချိန်တိုးမြှင့်ပေးရန် လျှောက်လွှာကို လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား သက်ဆိုင်ရာအခွန်ရုံးထံမှ ရယူရမည်။
- အချိန်တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း အကြောင်းကြားစာကို သက်ဆိုင်ရာအခွန်ရုံးမှ လျှောက်လွှာလက်ခံရရှိသည့် နေ့မှရက်ပေါင်း (၃၀) အတွင်း အကြောင်းပြန်ကြား မည်ဖြစ်ပါသည်။

လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာအခွန်ရုံးမှ တာဝန်ခွဲဝေပေးအပ်ထားသည့်ပုဂ္ဂိုလ်က ၎င်း၏ ဆုံးဖြတ်ချက်ကို အကြောင်းပြန်ကြားခြင်းမရှိပါက မိမိတို့ တိုးမြှင့်လျှောက်ထားသည့်ကိစ္စကို ခွင့်ပြုသကဲ့သို့ မှတ်ယူနိုင်သည်။

## အခွန်ပေးဆောင်ရမည့်အစီအစဉ်

အခွန်ပေးသွင်းရန် တိုးမြှင့်ခွင့်ပြုထားသည့်ကာလအတွင်း အခွန်ပေးသွင်းရာတွင် အခွန်ထမ်းအနေဖြင့် ပေးဆောင်ရမည့်အခွန်တစ်ရပ်ချင်းစီအလိုက် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ(က) အရ အောက်ပါအစီအစဉ်အတိုင်း ပေးသွင်းရမည် -

(၁) ဒဏ်ကြေးငွေများ၊
(၂) အတိုး၊
(၃) ပင်မအခွန်ပမာဏ။




## လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် ပြစ်ဒဏ်များ

ကြေညာလွှာတင်သွင်းရန် တိုးမြှင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ -

➢ တိုးမြှင့်တင်သွင်းခြင်းကို ခွင့်မပြုပါက ကြေညာလွှာတင်သွင်းရမည့်ရက်တွင်သာ တင်သွင်းရမည်ဖြစ်ပြီး တင်သွင်းခြင်း မရှိလျှင်သော်လည်းကောင်း၊ တိုးမြှင့်တင်သွင်းခြင်းကို ခွင့်ပြုပါက တိုးမြှင့်ပေးထားသည့်သတ်မှတ်ရက်အတွင်း ကြေညာလွှာတင်သွင်းခြင်းမရှိလျှင် သော်လည်းကောင်း အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေအဖြစ် ပေးဆောင်မည် -

(၁) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) အရ ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(၂) ငွေကျပ်တစ်သိန်း။

အခွန်ပေးသွင်းရမည့်ရက် တိုးမြှင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ -

➢ တိုးမြှင့်ပေးသွင်းရမည့် သတ်မှတ်ရက်အတွင်း တစ်လုံးတည်း သို့မဟုတ် အရစ်ကျပေးဆောင်မည့်အခွန်နှင့် ဒဏ်ကြေးငွေများကို ပေးဆောင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မ ခွဲ(ခ)အရ အရစ်ကျပေးဆောင်ရမည့် အခွန်အားလုံးကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည့်ပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

➢ အခွန်ပေးဆောင်ရမည့်အချိန် တိုးမြှင့်ပေးခြင်းကို ခွင့်ပြုထားလျှင် ယင်းကာလအတွင်း ပေးဆောင်ရမည့်အခွန်ကို ပေးဆောင်ခဲ့ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (င)အရ ဒဏ်ကြေးငွေပေးဆောင်ရန် မလိုအပ်ပါ။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (ဃ) အရ အခွန်ထမ်းသည် အခွန်ပေးဆောင်ရမည့်အချိန် တိုးမြှင့်ရရှိစေကာမူ အတိုးကို ပေးဆောင်ရမည်ဖြစ်သော်လည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အတိုးအတွက် အမိန့်ကြော်ငြာစာ **ထုတ်ပြန်သတ်မှတ်သည့်အချိန်မှသာ** ယင်းအမိန့်ကြော်ငြာစာပါ အတိုးနှုန်းအတိုင်း အတိုးကို ပေးဆောင်ရမည်ဖြစ်ပါသည်။


အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော်ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ ဖက်စ်နံပါတ် ၀၁-၈-၃၈၉၃၁၁ ၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀ ၊၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mmသို့ ဝင်ရောက်ကြည့်ရှု လေ့လာပြီးလိုအပ်သည့်ဥပဒေ၊ နည်းဥပဒေနှင့် ပုံစံများကို download ရယူနိုင်ပါသည်။




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ကြေညာလွှာတင်သွင်းရမည့်ရက်နှင့် အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်းအကြောင်းသိကောင်းစရာများ




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည်ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။


Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm


"Tax by the Law, Service by our Heart"